ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
ပေါ်လစီစည်းမျဉ်းများ

၁။ အောက်ပါအဖြစ်အပျက်များနှင့် အကြောင်းအရာများကြောင့်၄င်း၊ အကျိုးဆက်များကြောင့်၄င်း၊ ဖြစ်ပေါ်သည့် သေဆုံးခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် ဒဏ်ရာရခြင်း စသည်များမှာ ဤအာမခံ၌ အကျုံးမဝင်ပါ။

(က) ကြိုတင်ကြံရွယ်ချက်ဖြင့် မိမိကိုယ်ကိုယ် ဒဏ်ရာအနာတရဖြစ်စေခြင်း၊ မစွမ်းမသန်ဖြစ်စေခြင်း နှင့် သေဆုံးစေခြင်း။

(ခ) မူးယစ်စေတတ်သောဆေးဝါး သုံးစွဲထားစဉ် (သို့) သုံးစွဲခြင်းကြောင့် ဒဏ်ရာအနာတရဖြစ်ခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်း။

(ဂ) ရောဂါကြောင့် သေဆုံးခြင်း၊ မစွမ်းမသန်ဖြစ်ခြင်း။

(ဃ) စစ်ဖြစ်ပွားခြင်း (စစ်ကြေငြာသည်ဖြစ်စေ၊ မကြေငြာသည်ဖြစ်စေ)၊ စစ်အသွင်တိုက်ခိုက်ခြင်း၊ ပြည်တွင်းစစ်၊ ပုန်ကန်ခြင်း၊ အဓိကရုဏ်း၊ စစ်တပ် (သို့) လူထုအုံကြွခြင်း၊ သောင်းကျန်းခြင်း၊ သူပုန်ထခြင်း၊ တော်လှန်ရေး၊ စစ်တပ်အာဏာသိမ်းခြင်း၊ စစ်အမိန့်ထုတ်ပြန်ခြင်း (သို့) သိမ်းပိုက်ထားခြင်း၊ ပြည်တွင်းဆူပူသောင်းကျန်းခြင်း၊ ၄င်းတို့ကိုဖြစ်ပေါ်စေသော အကြောင်းရင်းများ (သို့) ၄င်းတို့၏အကျိုးဆက်များကြောင့် ဒဏ်ရာရခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်း။

(င) ရာဇဝတ်မှုကျူးလွန်ရာမှ ဒဏ်ရာအနာတရဖြစ်ခြင်း၊ အစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်း။

(စ) သူတစ်ပါး၏လက်ချက်ကြောင့်ဖြစ်စေ၊ သူတစ်ပါး၏ကြိုးပမ်းအားထုတ်မှုကြောင့်ဖြစ်စေ၊ ယင်းနှင့်စပ်လျဉ်း၍ ဖြစ်စေဒဏ်ရာရခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့်သေဆုံးခြင်း။

၂။ မတော်တဆထိခိုက်မှုဖြစ်ပွါးပြီးနောက် ၃ လ ကျော်လွန်ပြီး ၄ လ မတိုင်မီ ဖြစ်ပေါ်သော ဒဏ်ရာရခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်းများမှာ အဆိုပါမတော်တဆ ဖြစ်ပွါးမှုကြောင့်ဖြစ်ကြောင်း ခိုင်လုံစွာသက်သေပြနိုင်မှသာ ၄င်းတို့သည် ဤအာမခံ၌ အကျုံးဝင်မည်ဖြစ်သည်။

၃။ အကျိုးခံစားခွင့်တောင်းခံမည့် အဖြစ်အပျက်တစုံတရာ ဖြစ်ပေါ်ပါက အချက်အလက်အပြည့်အစုံနှင့်တကွ ဤကုမ္ပဏီသို့ ၁၄ ရက်အတွင်း အကြောင်းကြားရမည်။ သတ်မှတ်ထားသော တောင်းခံလွှာဖြင့်လိုအပ်သောအထောက်အထားများ ပူးတွဲ၍တောင်းခံရမည်။

၄။ ဒဏ်ရာရခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်းများအတွက် ကုမ္ပဏီ၏ဆရာဝန်များက အလောင်းကို ခွဲစိတ်စစ်ဆေးခြင်း ( Post-mortem Examination ) အပါအဝင် လိုအပ်သလိုစစ်ဆေးမည်။

၅။ ဤကုမ္ပဏီက ဤအာမခံကို ဖျက်သိမ်းခဲ့လျှင် တည်မြဲခဲ့သောကာလအတွက် အချိုးကျရက်တွက် ပရီမီယံနှုန်း(pro rata)နှင့် တွက်ချက်၍ ပိုငွေပြန်အမ်းမည်။

-၂/သို့

၆။ ပေါ်လစီတစ်စောင်အတွက် အများဆုံးရနိုင်သော အကျိုးခံစားခွင့်စုစုပေါင်းမှာ အာမခံထားငွေဖြစ်သည်။

၇။ မစွမ်းမသန်ဖြစ်ခြင်းအတွက် အကျိုးခံစားခွင့်ကို အခြားအကျိုးခံစားခွင့်နှင့် ပူးတွဲခံစားခွင့်မရှိ။

၈။ အကျိုးခံစားခွင့်ပေးလျော်ခြင်း နှင့်စပ်လျဉ်း၍ အာမခံထားသူ/ အကျိုးခံစားခွင့်ရှိသူနှင့် အာမခံလက်ခံသူတို့ သဘောထား ကွဲပြားခြားနားမှု ပေါ်ပေါက်ခဲ့လျှင် တစ်ခြားကိစ္စများမပါဝင်ဘဲ ယင်းခြားနားမှု တစ်ခုတည်းအတွက်သာ သဘောထား မတိုက်ဆိုင်သူ ၂ ဦးက စာဖြင့် ရေးသားခန့်အပ်သော အနညာတခုံ လူကြီး၏ဆုံးဖြတ်ချက်ကိုနာခံရမည်။ (သို့မဟုတ်) ၄င်းတို့ ၂ဦးက ခုံလူကြီးတစ်ဦးတည်း ခန့်အပ်ခြင်းကို သဘောမတူလျှင် ဆုံးဖြတ်ရမည့် ကိစ္စနှင့် လုံးဝ မသက်ဆိုင်သည့် ခုံလူကြီး ၂ဦး၏ ဆုံးဖြတ်ချက်ကို နာခံရမည်။ အခြားတစ်ဦးက ခုံလူကြီးခန့်ထားရန် စာရေး အကြောင်းကြားလာလျှင် ကျန်တစ်ဦးက မိမိ၏ခုံလူကြီးအား ပြက္ခဒိန် ၂လ အတွင်းခန့်ထားရမည်။ သဘောထား မတိုက်ဆိုင်သူတစ်ဦးဦးသည် မိမိ၏ခုံလူကြီးအားခန့်ထားရန် နို့တစ်စာကိုလက်ခံရရှိပြီးနောက် ပြက္ခဒိန် ၂လ အတွင်း မိမိ၏ခုံလူကြီးအားခန့်ထားရန် ငြင်းဆန်လျှင်သော်လည်းကောင်း၊ ပျက်ကွက်လျှင်သော်လည်းကောင်း၊ ကျန်သဘော ထား မတိုက်ဆိုင်သူကတစ်ဦးတည်းသောခုံလူကြီးကိုခန့်ထားပိုင်ခွင့်ရှိသည်။ ခုံလူကြီး၂ ဦးအတွင်း သဘောထား ကွဲလွဲလျှင် ဆုံးဖြတ်ရန်ကိစ္စကို မဆောင်ရွက်မီကပင် ၄င်းတို့နှစ်ဦးစလုံးက ကြိုတင်စာရေးခန့်ထားသောခုံလူကြီးကို ခန့်ထားပိုင်ခွင့်ရှိသည်။ ခုံလူကြီး ၂ဦးအတွင်းသဘောထားကွဲလွဲလျှင်ဆုံးဖြတ်ရန်ကိစ္စကိုမဆောင်ရွက်မီကပင် ၄င်းတို့ ၂ ဦးစလုံးကကြိုတင်စာရေး ခန့်ထားသောဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကို နာခံရမည်။ ဒိုင်လူကြီးသည် ခုံလူကြီးများနှင့် အတူတကွရုံးထိုင်ကာ ၄င်းတို့ဆွေးနွေး ညှိနှိုင်းခြင်းအပေါ်တွင် သဘာပတိမှုရမည်။ သဘောထား မတိုက်ဆိုင်သူ တစ်ဦးဦးသေဆုံးခြင်းကြောင့်ခုံလူကြီး၊ ခုံလူကြီးများ (သို့မဟုတ်) ဒိုင်လူကြီး၏ အာဏာနှင့်လုပ်ပိုင်ခွင့်အသီးသီးကို မထိခိုက်၊ မပျက်ပျယ်စေရ။ ခုံလူကြီးတစ်ဦး (သို့) ဒိုင်လူကြီး သေဆုံးလျှင် ၄င်းအား ခန့်အပ်ခဲ့သော သဘောထား မတိုက်ဆိုင်သူကလည်းကောင်း၊ ခုံလူကြီးများကလည်းကောင်း၊ (ဖြစ်ပေါ်သည့်အတိုင်း) သေဆုံးသူအစား အခြား တစ်ဦးဦး အား အစားထိုးခန့်ထားရမည်။ ဆုံးဖြတ်ရန်ဆောင်ရွက်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့အတွက် ကျသင့် စရိတ်စကမှာ ယင်းဆုံးဖြတ်ချက်ကို ချမှတ်သည့် ခုံလူကြီး၊ ခုံလူကြီးများ၊ (သို့မဟုတ်) ဒိုင်လူကြီးက သတ်မှတ်သည့် အတိုင်းဖြစ်သည်။ အကျိုးခံစားခွင့်ပေးလျော်ခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားပါက ခုံလူကြီး၊ ခုံလူကြီးများ (သို့မဟုတ်) ဒိုင်လူကြီး၏ဆုံးဖြတ်ချက်ကိုဦးစွာရရှိပြီးမှသာ ဤပေါ်လစီနှင့်အညီ မည်သည့်ဥပဒေအကြောင်းအရ ဆောင်ရွက်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်းကိုမဆို ပြုလုပ်နိုင်ခွင့်ရှိသည်။ထိုကဲ့သို တရားဥပဒေစွဲဆိုခြင်းကို ဆုံးဖြတ်ချက်ရရှိပြီးနောက် ၁၂ လ အတွင်းမဆောင်ရွက်လျှင် အကျိုးခံစားခွင့်တောင်းခံခြင်းကို လုံးဝစွန့်လွှတ်လိုက်ပြီဟု ယူဆရမည်ဖြစ်ကာ မည်သည့် အကျိုးခံစားခွင့်ကိုမှ မရရှိနိုင်တော့ပါ။

၉။ အဆိုလွှာတွင် ဖြည့်စွက်ချက်များ/အဖြေစသည်များတိကျမှန်ကန်ခြင်းနှင့် ပေါ်လစီစည်းမျဉ်းများကို လိုက်နာ ဆောင်ရွက်ခြင်းမှာ အကျိုးခံစားခွင့်ပေးချေခြင်းအတွက် အဓိကလိုအပ်ချက်များဖြစ်သည်။